
ဘာသာပြန်စာရေးဆရာ - မင်းနန္ဒာ
တော်ဝင်နတ်ဘုရား
ကေရာဇ်
[ရဲ့ကျင်းယို]
(စာစဉ် - ၁)
(Chapter 1 - 15)

"တော်ဝင်နတ်ဘုရားကျောင်း"
"ဇာတ်လမ်းမိတ်ဆက်"

လွန်ခဲ့သော လေးနှစ်အချိန်က သူ့မိဘများသေဆုံးသွားကတည်းက ရဲ့ကျင်းယွီသည် သမင်မြို့တစ်ခုလုံး၏ လှောင်ပြောင်မှုကို ခံခဲ့ရသည်။

လူများက သူသည့် လေးနှစ်တာကာလလုံး အချိန်ဖြုန်းနေခဲ့သည်ဟုသာ သိခဲ့ကြ၏။

သမင်ဖြူကျောင်း၏ လူရွေးပွဲ၌ ပါဝင်ပြီး သူက လူတိုင်းရဲ့ပါးစပ်ကို ပိတ်နိုင်မှာလား။

သူ၏ မိသားစုသေဆုံးမှုရဲ့နောက်ကွယ်က ဆန်းကြယ်မှုကို ဖော်ထုတ်ပြီး မိသားစုပိုင် အမွေအနှစ်တွေကိုပါ ပြန်လည်ရယူနိုင်မလားဆိုတာကိုတော့ ရဲ့ကျင်းယွီရဲ့ခရီးနဲ့အတူ လိုက်ပါစီးမျောကြရအောင်ပါ။

## အခန်း ( ၁ )
## သုသာန်ရှေ့က လူငယ်လေး

"လူကလေး မငိုပါနဲ့တော့ကွယ်။ လူတိုင်းတစ်နေ့တော့သေကြရမှာပဲလေ။ အခုလူကလေးအမေနဲ့အဖေရဲ့ အလှည့်ရောက်လာပြီပေါ့။ ဘဝဆိုတာဒီလိုပဲ

ကွဲ့။ လူတိုင်းအားလုံးဟာ ကံဇာတ်ဆရာရဲ့ကြိုးဆွဲရာကို ကရတဲ့ ရုပ်သေးရုပ်လိုပါပဲ။ အဖေတို့ရဲ့ရဲဘော်ရဲဘက်တွေကလည်း ကောင်းကင်ဘုံမှာ စောင့်နေကြပါတယ်ကွယ်"

"... .."

"ဟားဟား။ အရင်သွားနှင့် အဖေတို့ရဲ့ ရဲဘော်ရဲဘက်တွေနဲ့ယှဉ်ရင် သားလေးကို မျက်လုံးအောက်မှာတင် မွေးကာစကလေးကနေခုလို ဆယ်နှစ်သား အထိကြီးပြင်းလာတာကို မြင်ခွင့်ရ ရုံနဲ့တင် ... အဖေတို့ကအရမ်းကံကောင်းနေပါပြီ လူကလေးရယ်"

နေရောင်ခြည်သည်ပျောက်ဆုံးလာကာ သွေးရောင်လွှမ်းလာတော့၏။ မြို့တော်ကို ကာကွယ်ရန်ဆင်နွှဲခဲ့သော တိုက်ပွဲသည်ကား အဆုံးသတ်ချေပြီ။

ရှေးဟောင်းအုတ်ဂူကြီးတစ်ခုရှေ့၌မူ .... ပိန်ပိန်ပါးပါးကလေးငယ်တစ်ယောက်မှာ မျက်ရည်များ အဆက်မပြတ်ကျဆင်းလျက် ရှိနေပေသည်။

ထိုကလေးငယ်၏ မျက်နှာတွင်မူ ကံဆိုးမိုးမှောင်ကျရခြင်းအတွက် ဝမ်းနည်းကာယူကြုံးမရဖြစ်နေမှုအပြင် အမုန်းတရားများနှင့်လက်စားချေလိုမှုတို့က ပါ ထင်ဟပ်နေခဲ့သည်။

ကလေးငယ်၏ ရှေ့တွင် တစ်ကိုယ်လုံးဒဏ်ရာများ ဖြင့်ပြည့်နှက်နေသော သက်လတ်ပိုင်းစုံတွဲတစ်တွဲကသွေးအိုင်ထဲ၌ လဲလျောင်းနေလေ၏။

ဇနီးဖြစ်သူ၏ ရင်ဘတ်တွင် ကျိုးပဲ့နေသောလှံတစ်ချောင်းက ထုတ်ချင်းပေါက်စိုက်နေခဲ့ပြီး သူမ၏ အသက်ရှူသံကလည်း ဖျော့တော့နေကာ အသက်ငင်နေသည့် အနေအထားပင်ဖြစ်တော့၏။

ယောကျာ်းဖြစ်သူသည်လည်း ခြေနှစ်ဖက်သာမက လက်တစ်ဖက်ပါမရှိ

တော့ပေ။ သူ့နဖူးထက်၌မူ လက်ချောင်းအရွယ်မျှရှိသည့် ဓားမြှောင်တိုတစ်လက်က စိုက်ဝင်နေ၏။

ထူးခြားဆန်းကြယ်လှသည်မှာ သူယခုထိပင်အသက်ရှိနေဆဲဖြစ်သည်။

သူသည့် သေလုမျောပါးဖြစ်နေသည့် တိုင် အဆိုပါလူကြီးကအသိစိတ်ရှိနေဆဲပင်။

ထိုလူသည်သူ၏ ကျန်ရှိနေသော ဘယ်ဘက်လက်ဖြင့်သူ့ဇနီးကို ပွေ့ဖက်ထား၏။

အမျိုးသားသည့် သူ့ရှေ့မှ သူ့သားအား ကြည့်လိုက်သည်။ သူ၏ မျက်လုံးထဲ၌မူ ချစ်ခင်ကြင်နာမှုများက အဆုံးမရှိပြည့်နှက်နေ၏။

သူကပြုံးလိုက်လျက် ...

"လူကလေး လူကလေးရဲ့မျက်ရည်တွေကို သုတ်လိုက်ပါ။ ခုချိန်ကစပြီးတော့သေချာနားထောင်နော်။ အဖေအရမ်းအရေးကြီး ကိစ္စကို သားကို မှာခဲ့မယ်။ အဖေနဲ့အမေသေဆုံးသွားပြီဆိုရင် သားအနေနဲ့ အဖေတို့ရဲ့အုတ်ဂူကို လေးနှစ်တိတိစောင့်ရှောက်ပေးရမယ်။ လေးနှစ်တိတိနော်ငါ့သား၊ တစ်ရက်ကလေးမှမပျက်ရဘူး ... အဖေပြောတာ သဘောပေါက်တယ်မလား လူလေး"

ကောင်လေးသည်သူ၏ ခေါင်းကို အထပ်ထပ်ညိတ်ပြလိုက်သည်။ သူ၏ မျက်ရည်များကတော့ကျဆင်းနေဆဲပင်။

"လူလေးဘာတွေးနေလဲဆိုတာအဖေသိတာပေါ့။ သားအဲဒီလိုလုံးဝမလုပ်ရဘူးနော်။ ခွန်အားမပါရှိ အမျက်ဒေါသကအဓိပ္ပါယ်မဲ့တယ်ကွ။ လူလေးမှာလုံလောက်တဲ့ အင်အားမရှိသေးသ၍ ဒေါသကို ရှေ့တန်းတင်ရင်ပျက်စီးခြင်းတွေပဲဖြစ်နေမှာပဲ။ ငါ့သားအနေနဲ့သမင်ဖြူသင်တန်းကျောင်းကို တက်

ပြီးတော့ သိုင်းပညာလေ့ကျင့်ချင်တာ အဖေသိတာပေါ့ကွာ။ ဒါပေမဲ့ နားထောင် လူလေး။ သားအဲ့လိုလုပ်လို့မရဘူး။ အနည်းဆုံးနောက်ထပ် လေးနှစ်အတောအတွင်း သားအဲဒီလိုလုပ်လို့မဖြစ်ဘူး"

"..."

"ဘာကြောင့်လဲတော့မမေးနဲ့ သား။ မှတ်ထားပါ ဒီလေးနှစ် အတောအတွင်းမှာ သားကကန္တာရထဲကသဲပွင့်လိုနေရမယ်။ ပြောချင်တာ က လူတွေသတိမထားမိအောင်နေဖို့ပဲ။ သမင်မြို့ကလူတွေအားလုံးကို လူလေးကို မေ့သွားစေချင်တယ်။ ဟုတ်တာပေါ့ အချို့လူတွေရဲ့မျက်စိထဲမှာ တော့ သားကအရူးတစ်ယောက်လို ဖြစ်ကောင်းဖြစ်နေလိမ့်မယ်။ အဲ့ဒါဆိုပို ကောင်းတယ် ငါ့သား... သားဒါကို တောင့်ခံနိုင်မယ်လို့အဖေယုံကြည် တယ်"

".. .."

"လေးနှစ်ကြာပြီးရင်တော့ သားလုပ်ချင်တာလုပ်နိုင်ပြီ။ တစ်နေ့မှာ သား အနေနဲ့ ပင်လယ်ခါးကျွမ်းကျင်သူအဆင့်ကို ရောက်တဲ့အခါကျရင် နှင်း တောင်တိုင်းပြည်က တော်ဝင်နန်းတော်ကို သွားပြီး သားနဲ့သက်ဆိုင်တဲ့ အရာတစ်ခုကို သွားယူရမယ်။ အဲ့အခါကျရင် ဒီတံဆိပ်ကသားကို အရာ အားလုံးရဲ့နောက်ကွယ်မှာရှိ အမှန်တရားအကြောင်း ပြောပြလိမ့်မယ်"

ကောင်လေး၏ ဖခင်ဟာထိုသို့ပြောပြီးနောက် ဓားရှည်ပုံထွင်းထုထားသ ည့် ကြေးဝါတံဆိပ်တစ်ခုကို ကောင်လေး၏ လက်ထဲသို့ထည့်ပေးလိုက် သည်။

ထိုသို့စကားများစွာပြောပြီး လှုပ်ရှားမှုများပင် ပြုလုပ်လိုက်ရသောကြော င့် အမျိုးသားသည့် မောဟိုက်သွားပြီး မျက်နှာတစ်ခုလုံး သွေးဆုတ်ကာဖြူ ဖျော့သွားလေသည်။

နောက်ဆုံးတွင်ကား ဖခင်၏ မျက်နှာသည့် သွေးရောင်ပင်မရှိတော့ဘဲ လူသေကောင်သဖွယ်ပြောင်းလဲသွားပြီး သွေးတစ်ပွက်အန်လိုက်သည်။

"အဖေ ..."

ကောင်လေးက ပျာပျာသလဲလဲအော်လိုက်၏။ သူ့အသံကား ဝမ်းနည်းနေပုံရသည့်။

"လူလေး သားကို အဖေပေးထားတဲ့ အမည်မဲ့အတွင်းအား ကျင့်စဉ်ကို မှတ်မိတယ်မလား။ အဖေတို့ အုတ်ဂူကျောက်စာတိုင်ကို ကြည့်ရှုစောင့်ရှောက်နေရတဲ့ လေးနှစ်အတွင်းမှာ သားဒါကို လေ့ကျင့်နေရမယ်နော် .. လုပ်နိုင်တယ်မလား"

ကောင်လေးက ရိုကျိုးစွာ ခေါင်းညိတ်ပြလိုက်သည်။

"တော်လိုက်တဲ့ငါ့သား"

ဖခင်ဖြစ်သူသည်သူ၏ အမြင်အာရုံများဝေဝါးလာတော့သည့်။ ပြင်းထန်လှသော ဒဏ်ရာအပြင်သွေးများလည်း ဆုံးရှုံးထားရသောကြောင့် ဘာကို မှ ထပ်၍မမြင်ရတော့ချေ။

သူကခေါင်းကို အသာငုံ့ရင်း သူ့ဇနီး၏ နဖူးထက်သို့ညင်သာစွာနမ်းရှုံ့လိုက်သည်။ ထို့နောက်တွင်မူ သူကိုယ်တိုင်သာကြားနိုင်လောက်သော အသံမျိုးဖြင့် မပြောပြနိုင်လောက်သော နောင်တအပြည့်နှင့် ရေရွတ်လိုက်လေသည်။

"ကိုယ်တောင်းပန်ပါတယ် ယင်ယင်ရယ်.... "

ထိုသို့ပြောပြီးသည့် နှင့် တပြိုင်နက် သူ့မျက်လုံးများက ပိတ်သွားပြီး အရာအားလုံးကို ချန်ရစ်ကာလောကကြီးမှ ထွက်ခွာသွားတော့သည့်။

တစ်ဖန် သူ၏ ရင်ခွင်ထဲရှိဇနီးသည်မှာလည်းတစ်စုံတစ်ခုကို ခံစားမိသည့်

အလား ပုလဲလုံးကဲ့သို့ မျက်ရည်တစ်စက်ကျသွားပြီး ထွက်သက်ဝင်သက် သည်လည်း ရပ်တန့်သွားလေ၏။

ကလေးငယ်သည်လည်း သွေးအိုင်ထဲတွင်ဒူးထောက်ကာ ကြေးဝါတံဆိပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားရင်း အသံမထွက်နိုင်လောက်သည် အထိ နာကျင်စွာ အော်ဟစ်ငိုယိုနေတော့၏။

ကောင်လေး၏ နာမည်ကား ရဲ့ကျင်းယွီဖြစ်သည်။

အချိန်ကာလသည့် ရေအလျင်သဖွယ်မရပ်မနား စီးဆင်းသွားနေမြဲပင်။

ဝေးလံခေါင်းပါးလှသော မြောက်ပိုင်းပြည်နယ်မှ ဖုန်ထူထူသုသာန်တစ်ခုတွင် ကလေးငယ်တစ်ဦးသည့် လေးနှစ်ကြာအောင် စောင့်ဆိုင်းနေခဲ့သည့်။

အဆိုပါလေးနှစ်အတောအတွင်း၌ ထိုလူငယ်လေးက သူ၏ အချိန်အများစုအား ကျောက်တိုင်ရှေ့၌ ရုပ်ထုတစ်ခုပမာ အရူးတစ်ယောက်လို ထိုင်လျက် ကုန်ဆုံးစေခဲ့သည်။

ထို့ကြောင့်ပင် ကောလဟလများနှင့် သူ့ကို လှောင်ပြောင်သရော်မှုများက ပေါ်ထွက်လာတော့၏။

လူအများစုကမူ တစ်ချိန်က သမင်ဖြူကျောင်းအုပ်ကိုယ်တိုင် နံပါတ်တစ်ပါရမီရှင်ဟု မျှော်လင့်ခဲ့ရသော အလွန်အမင်းဉာဏ်ကောင်းသည့် ကောင်လေးသည် မိဘနှစ်ပါးလုံးသေဆုံးသွားပြီးနောက် အရှယ်နှင့် မမျှအောင် ပူဆွေးခံစားရပြီး အမိုက်ဖြစ်လာခဲ့ပြီဟုသာ ထင်မြင်ယူဆကြတော့သည်။

ရဲ့ကျင်းယွီသည် တဖြည်းဖြည်းအရူးအနှမ်းသဖွယ် ဖြစ်လာခဲ့ပြီး မည်သူမဆိုအနိုင်ကျင့်ပြောဆိုနိုင်သည့် အဖိနှိပ်ခံ လူစားမျိုး ဖြစ်လာတော့သည်။

တစ်ချိန် ရဲ့မိသားစုချမ်းသာခဲ့စဉ်က မိတ်ဆွေဟု အမည်တပ်ခေါ်ဆိုနိုင်ခဲ့

သော သူများသည် တဖြည်းဖြည်းနှင့် ရဲ့မိသားစုပိုင်ပစ္စည်းရတနာများ၊ တန်ဖိုးကြီးပစ္စည်းများနှင့် အမွေအနှစ်ပစ္စည်းများကို ပင်စျေးမတန်တဆ နှိမ်၍ အချို့တစ်ဝက်ကို ပေါ်တင်ယူ၍သော်လည်းကောင်း၊ အချို့တစ်ဝက်ကို ဝယ်၍သော် လည်းကောင်း ယူဆောင်သွားကြပြီး နောက်ဆုံးတွင် ရဲ့ မိသားစု၏ ရတနာဓားကိုပါ အပါယူသွားတော့သည်။

လူတစ်ယောက်ကလည်း ရဲ့မိသားစု၏ ပိုင်ဆိုင်မှု၊အိမ်ခြံမြေအားလုံးကို နည်းအမျိုးမျိုးဖြင့် အသုံးပြုနေသလို မြင့်မြတ်သော မိသားစုလေးတစ်ခုက ပါ သူတို့ရဲ့မိသားစု၏ အိမ်ခြံမြေနေရာများကို အပိုင်သိမ်းသွားခဲ့သည်။

ကောင်လေးသည်ကား သူပိုင်ဆိုင်ခဲ့သည့်အရာအားလုံးကို တဖြည်းဖြည်း နှင့် ဆုံးရှုံးလာတော့၏။ သူ့တွင်ထိုအရာများကို ခုခံနိုင်သည့်အင်အား တစ်စက်မှရှိသည့် ့ပုံလည်းမပေါ်ချေ။

လူတိုင်းကသူ့ကို အနိုင်ကျင့်ချင်တိုင်းကျင့်၍ ရသလိုဖြစ်နေ၏။ ထိုအရာ က လူတိုင်းကသူ့ မျက်နှာထက် တံတွေးထွေးလျှင်ပင် တုံ့ပြန်နိုင်သည့်အထိ ခွန်အားမရှိသည့် ပုံပေါက်နေစေတော့သည်။

သူ့ရဲ့တစ်ဦးတည်းသော ကစားဖော်က သူ့ကို စွန့်ခွာသွားသည့် ့ အချိန် အထိပင် ဖြစ်ပေမည်။

"အစ်ကိုကျင်းယွီ အစ်ကိုကအရှုံးသမားဖြစ်နေပြီ၊ ညီမကတော့ အရွယ်ရောက်လာပြီ။ ညီမစိတ်မကောင်းပါဘူး။ လေရူးတွေတိုက်ခတ်ခံရ သစ်ရွက်ကြွေတွေလိုပဲ အရင်အချိန်တွေကို မေ့လိုက်ပါတော့လား။ ဘဝက အရမ်းလက်တွေ့ဆန်လွန်းတော့ ညီမကို အပြစ်မတင်ပါနဲ့တော့အစ်ကို။ ကံမကုန်ရင်တော့ ပြန်ဆုံကြတာပေါ့ အစ်ကိုရယ်။ ညီမ သမင်ဖြူကျောင်းကို ဝင်တော့မယ်။ သြော် မဟုတ်သေးဘူး။ ညီမတို့နောက်တစ်ကြိမ်ထပ်ထပ် မတွေ့ကြရအောင်ပါ" ..

ထိုမိန်းကလေးမှာ ငယ်စဉ်ကသူ၏ အင်္ကျီစကို ဆွဲပြီး တကောက်ကောက် လိုက်ပါတတ်သော သူ၏ငယ်ကျွမ်းဆွေလေးပင်ဖြစ်၏။ သူမသည့် ရဲ့ကျ င်းယွီနောက် တကောက်ကောက်လိုက်ရင်း သူ၏ ကာကွယ်မှုနှင့်အကူအညီ များကို အကြိမ်ပေါင်းများစွာ ရရှိခဲ့ဖူးပေသည်။ သို့သော် ထိုအရာများက သူမ၏ ရက်စက် စိမ်းကားသော စကားလုံးများနှင့်အ တူပျောက်ကွယ်သွား ချေပြီ။

ယခုတွင်ကား သူမသည်ချမ်းသာစွာ ဝတ်ဆင်ထားသည့် လူအုပ်ကြီးကြား သို့ ဝင်သွားခဲ့ပြီး နောက်ပြန်ပင်လှည့်မလာတော့ပေ။

သူမ၏ ပါရမီကား ရင်သပ်ရှုမောဖွယ်ကောင်းပြီး ရုပ်ရည်ရူပကာ ချောမောလှသူလည်းဖြစ်၏။ ထို့ကြောင့်သူမ၏ ကံကြမ္မာမှာ ကောင်းကင်ဘုံ၌ တလွင့်ကြွားကြွား ဝဲကစားနေသည့် လေတံခွန်လေးတစ် ခုကဲ့သို့ ..

သူသည်ကား ဖုန်ထူထူ သုသာန်တစ်ခုတွင်သာ လေးနှစ်ကြာ တစ်ကိုယ်တည်း စမ်းသပ်မှုကို လက်ခံကာ စောင့်ဆိုင်းနေတော့သည်။

***